# ပထမပုဂ္ဂလိကဘဏ်လီမိတက်

(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)

FPB
First Private Bank

# ANNUAL REPORT 2023-2024

## နှစ်ပတ်လည်အစီရင်ခံစာ

၂၀၂၃-၂၀၂၄

## နိဒါန်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့မှ ယနေ့အထိ အများပိုင်ဘဏ်တစ်ဘဏ်အဖြစ် အများပြည်သူသို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ခဲ့သည်မှာ (၃၃) နှစ်ရှိပြီ ဖြစ်ပါသည်။ နှစ်စဉ် ဘဏ်အမြတ်အစွန်းရရှိရေးကို ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ဘဏ်နှင့်ဆက်သွယ်သူ Customer ကို ခေတ်မီဒီဂျစ်တယ်ဘဏ်လုပ်ငန်း (Digital Banking) ဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်လျှက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့တို့၏ ဘဏ်လုပ်ငန်းများ ခေတ်မီတိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် အမြတ်အစွန်းရရှိရေးအတွက် ဘဏ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်ချက်များကို အစုရှယ်ယာရှင်များမှ သိရှိနိုင်ပါရန် (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ ဤဒါရိုက်တာအဖွဲ့အစီရင်ခံစာကို တင်ပြအပ်ပါသည်။



# ဥက္ကဌ၏ နှုတ်ခွန်းဆက်စကား



*U Kyaw Tin*
*B. Com., CPA*
*Chairman, Kyaw & Kyaw Certified Public Accountants*
*Executive Board Member, Myanmar Institute of Certified Public Accountants (MICPA)*
*Member, the Myanmar Accountancy Council (MAC)*
*Council Member, Insolvency Practitioners Regulatory Council (MIPRC)*

လေးစားအပ်ပါသော ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာရှင်ကြီးများအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်...

ပထမပုဂ္ဂလိကဘဏ်ကြီးဟာ စတင်တည်ထောင်ခဲ့တဲ့ ၁၉၉၂ ခုနှစ်ကတည်းက အနိမ့်-အမြင့်၊ အတက်-အကျ၊ အဆိုး-အကောင်းများကို ရင်ဆိုင်ဖြတ်သန်းလာခဲ့တာဟာ ယခုဆိုရင် (၃၃) နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘဏ်ရဲ့သက်တမ်းတစ်လျှောက်မှာလည်း အများပြည်သူကို ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေ ပံ့ပိုးပေးနေရင်း တစ်ဘက်ကလည်း အမြတ်အစွန်းရရှိရေးကို မျက်ခြည်မပြတ် ဦးစားပေးဆောင်ရွက်လာခဲ့တာကို ရှယ်ယာရှင်ကြီးများအားလုံး အသိပင်ဖြစ်ပါတယ်။ တစ်ချိန်တည်းမှပဲ မည်သို့သောအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ဖြစ်စေ မိမိတို့ Customer များရဲ့ အပ်ငွေများကို အနှောင့်အဖွဲ့ကင်းကင်းနဲ့ ပြန်လည်ထုတ်ပေးသွားနိုင်ရေးကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထို့ပြင် လျှင်မြန်စွာ တိုးတက်ပြောင်းလာတဲ့ခေတ်နဲ့အညီ မိမိတို့ Customer များကို Digital ဝန်ဆောင်မှုများ ပံ့ပိုးပေးသွားနိုင်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်အတွင်းမှာ Mobile Banking နဲ့ Internet Banking Service တွေကို Customer များအား အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ပြီး Mobile Wallet နဲ့ Debit Card, Credit Card ဝန်ဆောင်မှုတွေကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုဆောင်ရွက်ရာမှာလည်း ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် Business Plan နဲ့အညီ သတ်မှတ် Target များကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ရှေ့ဆက်ပြီးတော့လည်း ပထမပုဂ္ဂလိကဘဏ်အနေနဲ့ Customer များအား ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးသွားနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမယ့်အပြင် အမြတ်အစွန်းတိုးတက်ရရှိရေးကိုလည်း ကြိုးပမ်းအားထုတ်သွားမယ့်အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။ ။

(ကျော်တင်)
ဥက္ကဌ
ပထမပုဂ္ဂလိကဘဏ်လီမိတက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

## Our Vision

- To be one of the leading banks in Myanmar building strong customer's trust and good corporate governance for the interest of stakeholders.
- ဘဏ်သုံးစွဲသူ customer များ၏ ယုံကြည်မှု ခိုင်မာလာစေရန်နှင့် ဘဏ်နှင့် သက်ဆိုင်သူများ၏ အကျိုးစီးပွားအတွက် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ကို တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ထိပ်တန်းဘဏ်တစ်ခု ဖြစ်လာစေရန်။

## Our Mission

- To Keep a strong relationship with our customer providing good customer services and innovative products.
- First Private Bank to be a most trusted and reliable bank in Myanmar focusing on financial security and benefits of stakeholders by providing highest level of banking expertise, digital technology.
- ဘဏ်သုံးစွဲသူ Customer များအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများ၊ ဆန်းသစ်သော ဘဏ်၏ Product များကို ဆောင်ရွက်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ဘဏ်သုံးစွဲသူ customer များနှင့် ခိုင်မာသောဆက်ဆံရေးကို တည်ဆောက်ထားရှိရန်။
- ပထမပုဂ္ဂလိကဘဏ်သည် မြင့်မားသော ဘဏ်လုပ်ငန်းကျွမ်းကျင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာများဖြင့် ဘဏ်နှင့်သက်ဆိုင်သူများ၏ ငွေကြေးလုံခြုံမှုနှင့် အကျိုးကျေးဇူးများကို အာရုံစိုက်ကာ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရဆုံးသော ဘဏ်တစ်ခုဖြစ်လာစေရန်။

## Board of Directors




၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာ (၃) ဦး အလှည့်ကျနုတ်ထွက်ခဲ့ပြီး ဒါရိုက်တာ (၃) ဦး နေရာတွင် (၁) ဒေါ်လှလှဝင်း (၂) ဦးမျိုးထွန်းနှင့် (၃) ဦးထွန်းဝင်းနိုင်တို့ကို အစားထိုးရွေးချယ်ခဲ့ကြပါသည်။

ဒါရိုက်တာအဖွဲ့ကို (၁၇-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၄) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ရွေးကောက်ခံဒါရိုက်တာ (၁၀) ဦးဖြစ်သည့် (၁) ဦးကျော်တင်၊ (၂) ဒေါ်လှလှဝင်း၊ (၃) ဦးမြင့်လွင်၊ (၄) ဦးမျိုးထွန်း၊ (၅) ဒေါ်လှလှရီ၊ (၆) ဦးသိန်းလွင်၊ (၇) ဦးထင်အောင်ကျော်ဦး၊ (၈) ဦးလဆန်၊ (၉) ဦးသိန်းမြင့်၊ (၁၀) ဦးထွန်းဝင်းနိုင်၊ သီးခြားလွတ်လပ်သောဒါရိုက်တာ (၂) ဦးဖြစ်သည့် (၁) ဦးသက်ဆွေနှင့် (၂) ဒေါက်တာလဲ့လဲ့ဝင်းနှင့် ဦးသူရ (အမှုဆောင်အရာရှိချုပ်) တို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးမြင့်လွင်သည် (၅-၁-၂၀၂၄) နေ့တွင် ကွယ်လွန်သွားသည့်အတွက် ဒါရိုက်တာအဖွဲ့မှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ

(၁၇-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၄) ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် (၁၁၆) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားချက် (၉/၂၀၁၉) အရ ဒါရိုက်တာအဖွဲ့ဝင်များ၏ မဲအများစုဖြင့် ဥက္ကဋ္ဌတစ်ဦးကို ဒါရိုက်တာများက ရွေးချယ်ခန့်ထားရမည်ဖြစ်၍ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဥက္ကဋ္ဌအဖြစ် ဦးကျော်တင်အား ရွေးချယ်ခန့်ထားခဲ့ကြပါသည်။

## အမှုဆောင်ဒါရိုက်တာများ

(၁၇-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၄) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် (၁၁၀) အရ ဒါရိုက်တာများက လျှို့ဝှက်ဆန္ဒမဲဖြင့် ဒေါ်လှလှဝင်းနှင့် ဦးသိန်းလွင်တို့အား အမှုဆောင် ဒါရိုက်တာများအဖြစ် ရွေးချယ်ခန့်ထားခဲ့ကြပါသည်။

## ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးနှင့်တွဲဘက်အတွင်းရေးမှူး

(၁၇-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၄) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးမျိုးမင်းချို (ဒုတိယအမှုဆောင်အရာရှိချုပ်) နှင့် တွဲဘက်အတွင်းရေးမှူး အဖြစ် ဒေါ်မိမိနိုင် (ဘဏ္ဍာရေးအရာရှိချုပ်) တို့အား တာဝန်ပေးအပ်ခဲ့ကြပါသည်။

## ဒါရိုက်တာအဖွဲ့အကြံပေး (BOD Advisory) များခန့်ထားခြင်း

(၁၇-၁၂-၂၀၂၃) နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၄) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အထူးအစည်း အဝေးမှ ဒါရိုက်တာအဖွဲ့ကို လိုအပ်သည့် အကြံဉာဏ်များပေးနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့အကြံပေး (Board Advisory) များအဖြစ် (၁) ဦးနေလင်းဦး (၂) ဒေါက်တာသာထွန်းဦး တို့ကို ခန့်အပ်ခဲ့ပါသည်။

## ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှု

ဇယား -၁။

ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှုစာရင်းနှင့်
အစည်းအဝေးတက်ရောက်သည့် အကြိမ်အရေအတွက်

| စဉ် | အမည် | ရှယ်ယာအရေအတွက် | အစည်းအဝေးတက်ရောက်သည့်အကြိမ် |
|---|---|---|---|
| ၁ | ဦးကျော်တင် | ၁၁,၂၀၀ | (၁၄) ကြိမ် |
| ၂ | ဒေါ်လှလှဝင်း | ၈၇,၁၂၀ | (၁၄) ကြိမ် |
| ၃ | ဦးသိန်းလွင် | ၁၁,၂၀၀ | (၁၄) ကြိမ် |
| ၄ | ဦးမျိုးထွန်း | ၁၆၇,၀၄၀ | (၁၃) ကြိမ် |
| ၅ | ဒေါ်လှလှရီ | ၆၄,၆၆၈ | (၁၄) ကြိမ် |
| ၆ | ဦးထင်အောင်ကျော်ဦး | ၁၀,၀၀၀ | (၁၄) ကြိမ် |
| ၇ | ဦးသိန်းမြင့် | ၂၇,၁၉၂ | (၁၂) ကြိမ် |
| ၈ | ဦးလဆန် | ၆၀,၀၀၀ | (၁၄) ကြိမ် |
| ၉ | ဦးထွန်းဝင်းနိုင် | ၅၉၆,၇၁၂ | (၁၄) ကြိမ် |
| ၁၀ | ဦးသက်ဆွေ | ၁၈၀၂ | (၁၄) ကြိမ် |
| ၁၁ | ဒေါက်တာလဲ့လဲ့ဝင်း | ၁၄၁၉ | (၁၃) ကြိမ် |
| ၁၂ | ဦးသူရ | | (၆) ကြိမ်* |
| | စုစုပေါင်းအစုရှယ်ယာ | ၁,၀၄၁,၃၅၃ | |

* *အမှုဆောင်အရာရှိချုပ် ဦးသူရသည် ပထမပုဂ္ဂလိကဘဏ်တွင် (၁၁-၁၀-၂၀၂၃) နေ့မှစ၍ စတင်တာဝန်ထမ်းဆောင်ပါသည်။*

ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟို ဘဏ်၏ (၉/၂၀၁၉) ညွှန်ကြားချက်နှင့်အညီ ၂၀၂၃ ခုနှစ်၊ ဧပြီလ မှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး (၁) ကြိမ်၊ ပုံမှန်လစဉ် ဒါရိုက်တာအဖွဲ့အစည်းအဝေး (၁၃) ကြိမ်၊ စုစုပေါင်း အစည်းအဝေး (၁၄) ကြိမ် ကျင်းပခဲ့ပြီး ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ ဒါရိုက်တာတစ်ဦးချင်းစီမှ တက်ရောက်ခဲ့သည့် အကြိမ်

များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ တစ်ဦးချင်းပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်တို့ကို (ဇယား-၁) တွင် ဖော်ပြထားပါသည်။

(၃၁-၈-၂၀၂၄) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့ဝင်များပိုင်ဆိုင်သည့် စုစုပေါင်းအစုရှယ်ယာအရေအတွက်မှာ ၁,၀၄၁,၃၅၃ စု ဖြစ်ပြီး စုစုပေါင်းအစုရှယ်ယာ (၂၉,၆၆၄,၆၁၃) စု၏ (၃.၅၁%) ဖြစ်ပါသည်။

## Board Committees

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ဒါရိုက်တာအဖွဲ့၏ (၁၇-၁၂-၂၀၂၃) ရက်နေ့တွင် ကျင်းပသည့် (၁/၂၀၂၄) ကြိမ်မြောက် အထူးအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်များဖြင့် အောက်ပါကော်မတီများကို ဖွဲ့စည်း၍ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

## Board Executive Committee

| | | |
|---|---|---|
| (၁) | ဦးကျော်တင် (ဥက္ကဋ္ဌ) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၄) | ဦးသက်ဆွေ (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့်ဖွဲ့စည်းထားပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ကော်မတီအစည်းအဝေးကျင်းပပြီး နေ့စဉ်ဘဏ်လုပ်ငန်းများ ပိုမို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်များနှင့် မူဝါဒဆိုင်ရာကိစ္စများအား ဆွေးနွေးဆုံးဖြတ်ပေးလျှက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာအဖွဲ့ အမှုဆောင်ကော်မတီအစည်းအဝေး (၅၁) ကြိမ် ကျင်းပခဲ့ပါသည်။

## Board Credit Committee

ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီကို ဒါရိုက်တာအဖွဲ့ဝင်များအားလုံးတို့ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီအစည်းအဝေးကို အပတ်စဉ်ကျင်းပလျှက်ရှိပြီး ချေးငွေလျှောက်လွှာများကို နှောင့်နှေးခြင်းမရှိ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီအစည်းအဝေး (၃၆) ကြိမ် ကျင်းပခဲ့ပါသည်။

## Board Risk Management Committee

| | | |
|---|---|---|
| (၁) | ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဦးသက်ဆွေ (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဒေါက်တာလဲ့လဲ့ဝင်း (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |
| (၄) | ဦးထွန်းဝင်းနိုင် (ဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့်ဖွဲ့စည်းထားပြီး အစည်းအဝေးကို အနည်းဆုံး (၃) လလျှင်တစ်ကြိမ် ကျင်းပ၍ စီမံခန့်ခွဲမှုအဖွဲ့အား Risk Awareness Training ပေးခြင်း၊ Risk Management Framework ရေးဆွဲအတည်ပြုခြင်း၊ Risk Register များကို Update ပြုလုပ်၍ Risk Management ကို စောင့်ကြည့်ကြီးကြပ် အကောင်အထည်ဖော်

ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာအဖွဲ့ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ပါသည်။

## Board Assets & Liabilities Management Committee

| | | |
|---|---|---|
| (၁) | ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဦးထင်အောင်ကျော်ဦး (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဒေါက်တာလဲ့လဲ့ဝင်း (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မတီ၏ အဓိကတာဝန်များမှာ ငွေဖြစ်လွယ်မှုအချိုး၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အချိုးများ ကိုက်ညီရန် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ Fund Management and Assets and Liabilities Management ကို ပိုမိုပြည့်စုံစွာ ဆောင်ရွက်နိုင်စေရေးအတွက် နေ့စဉ် စောင့်ကြည့်ရမည့် Measurement Indicator များပါဝင်သော Fund Management and Assets and Liabilities Management Report ကို စီမံခန့်ခွဲမှုအဖွဲ့မှ နေ့စဉ်ပြုစုစောင့်ကြည့်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၂) ကြိမ် ကျင်းပခဲ့ပါသည်။

## Board Remuneration Committee

| | | |
|---|---|---|
| (၁) | ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးထွန်း (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဒေါ်လှလှရီ (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၄) | ဦးထွန်းဝင်းနိုင် (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၅) | ဦးသက်ဆွေ (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မတီအစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပလျက်ရှိပြီး ဝန်ထမ်းများ အရည်အသွေးပြည့်ဝစေရေး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေး၊ ဝန်ထမ်းများ၏ လုပ်ခ၊ လစာနှင့်ခံစားခွင့်များကို ပြန်လည်သုံးသပ်နိုင်ရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ခလစာဆိုင်ရာကော်မတီအစည်းအဝေး (၃) ကြိမ် ကျင်းပခဲ့ပါသည်။

## Audit Committee

| | | |
|---|---|---|
| (၁) | ဦးသက်ဆွေ (သီးခြားလွတ်လပ်သောဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာလဲ့လဲ့ဝင်း (သီးခြားလွတ်လပ်သောဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဦးထွန်းဝင်းနိုင် (ဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး ဘဏ်တွင်းစာရင်းစစ်အစီရင်ခံများသုံးသပ်ခြင်း၊ ဌာနတွင်း ထိန်းချုပ်စနစ် ကောင်းမွန်ရေးတို့အတွက် လိုအပ်သောလမ်းညွှန်ကြီးကြပ်ခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စာရင်းစစ်ကော်မတီအစည်းအဝေး (၁၂) ကြိမ် ကျင်းပခဲ့ပါသည်။

# Other Committees

## IT Steering Committee

| | | |
|---|---|---|
| (၁) | ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဦးထွန်းဝင်းနိုင် (ဒါရိုက်တာ) | အဖွဲ့ဝင် |

IT Steering Committee ကို ဖွဲ့စည်းပြီး Core Banking System ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် Digital Transformation အတွက် အနီးကပ်ဦးဆောင်ကြီးကြပ်နိုင်ရန် အပတ်စဉ် သောကြာနေ့တိုင်း အစည်းအဝေး ပြုလုပ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း IT Steering Committee အစည်းအဝေး (၄၄) ကြိမ် ကျင်းပခဲ့ပါသည်။

## Loan Collection Committee

| | | |
|---|---|---|
| (၁) | ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ) | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးထွန်း (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၃) | ဦးသိန်းမြင့် (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၄) | ဦးထင်အောင်ကျော်ဦး (ဒါရိုက်တာ) | အဖွဲ့ဝင် |
| (၅) | ဦးလဆန် (ဒါရိုက်တာ) | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ဘဏ်၏ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေ/စာရင်းပိုထုတ်ချေးငွေ (Non-Performing Loans - NPL) များကို ကျဆင်းလာစေရေးအတွက် ပြန်လည်ပေးဆပ်ရန်ပျက်ကွက်နေသည့် ချေးငွေလုပ်ငန်းရှင်များအား လူကိုယ်တိုင်သော်လည်းကောင်း၊ Online ဖြင့်သော်လည်းကောင်း တွေ့ဆုံ၍ ချေးငွေအရင်း၊ အတိုးများပြန်လည်ပေးဆပ်စေရေး ညှိနှိုင်းတောင်းခံဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့အဆင့် Loan Collection Task Force Team ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

## Executive Management Team

ဘဏ်တွင်းစီမံခန့်ခွဲမှု ပိုမိုထိရောက်စေရန်နှင့် နေ့စဉ်ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် ဦးသူရ (အမှုဆောင်အရာရှိချုပ်)၊ ဦးမျိုးမင်းချို (ဒုတိယအမှုဆောင်အရာရှိချုပ်)၊ ဦးအောင်မျိုးထွတ် (ငွေရေးကြေးရေး ဆိုင်ရာအရာရှိချုပ်)၊ ဒေါ်စိုးစိုးဝင်း (ချေးငွေအရာရှိချုပ်)၊ ဒေါ်မိမိနိုင် (ဘဏ္ဍာရေးအရာရှိချုပ်)၊ ဒေါက်တာအောင်မင်း (နည်းပညာအရာရှိချုပ်) တို့ပါဝင်သည့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းထားပြီး နေ့စဉ် ဘဏ်လုပ်ငန်းများကို ကြီးကြပ်လျက်ရှိပါသည်။ အပတ်စဉ် ရုံးချုပ်နှင့် ဘဏ်ခွဲတာဝန်ခံများ၊ ဌာနတာဝန်ခံများ၊ အရာထမ်း၊ ဝန်ထမ်းများပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုပြုလုပ်၍ လုပ်ငန်းပိုင်းအခက်အခဲများကို ညှိနှိုင်းဖြေရှင်းခြင်းနှင့် ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရန် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်မှာကြားချက်များနှင့် ဘဏ်သုံးစွဲသူ Customer များ၏ အကြံပြုတင်ပြချက်များကို ဆွေးနွေးပြီး လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

## Branch Supervision Committees

နယ်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ အကြံပေးများနှင့် မြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစုရှင်များပါဝင်သော ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းထားရှိပါသည်။ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများသည် သက်ဆိုင်ရာဘဏ်ခွဲမှ အပ်ငွေ၊ ချေးငွေများ တိုးတက်ရရှိရေးအတွက် ဘဏ်သုံးစွဲသူ Customer များကို စည်းရုံးပေးပြီး ဘဏ်ခွဲ ငွေချေးယူသူများ၏ စီးပွားရေးလုပ်ငန်းအခြေအနေနှင့် အာမခံအဆောက်အဦအခြေအနေများကို အနီးကပ်ကြီးကြပ်စိစစ်ပေးပြီး ထုတ်ချေးပေးနိုင်မည့်ချေးငွေ ပမာဏကို ထောက်ခံတင်ပြပေးကြပါသည်။

### ဒါရိုက်တာအဖွဲ့ကို ချီးမြှင့်သည့် ဆုကြေး လစာနှင့် ခံစားခွင့်များ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဥက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာများနှင့် ဒါရိုက်တာများကို ချီးမြှင့်သည့် လစာနှင့်ခံစားခွင့်စရိတ် စုစုပေါင်းမှာ ကျပ် ၂၃၄.၅၀ သန်း ဖြစ်ပါသည်။

### အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများ၏ လစာနှင့် စရိတ်များ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမှုဆောင်အရာရှိချုပ်နှင့် အရာရှိချုပ် (၅) ဦး၏ လစာနှင့်ခံစားခွင့်များ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၁၉၅.၈၂ သန်း ဖြစ်ပါသည်။

### ဝန်ထမ်းများ၏ လစာနှင့် ခံစားခွင့်စရိတ်များ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ရုံးချုပ်အပါအဝင် ဘဏ်ခွဲ (၄၁) ဘဏ်ရှိပြီး ဝန်ထမ်းဦးရေ (၆၀၅) ဦး ရှိပါသည်။ ဒုတိယမန်နေဂျာနှင့်အထက် အရာထမ်းဝန်ထမ်း (၁၃၉) ဦး၊ အမှုထမ်း (၂၆၆) ဦးနှင့် အခြား အဆင့်ဝန်ထမ်း (၂၀၀) ဦး ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများ၏ လစာနှင့်ခံစားခွင့်များ စုစုပေါင်းမှာ ကျပ် ၃,၅၃၀.၃၁ သန်း ဖြစ်ပါသည်။ ဝန်ထမ်းများအားလုံး၏ လစာနှင့်ခံစားခွင့်များအတွက်အသုံးစရိတ်မှာ စုစုပေါင်းအသုံးစရိတ် (Total Expenditure) ၏ (၅၁%) ဖြစ်ပါသည်။

## FPB Branches

### ဘဏ်ခွဲအသစ်များဖွင့်လှစ်ခြင်း

ပထမပုဂ္ဂလိကဘဏ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း စမ်းချောင်းဘဏ်ခွဲနှင့် လှိုင်ဘဏ်ခွဲကို (၃-၈-၂၀၂၃) နေ့တွင်လည်းကောင်း၊ ရွှေဂုံတိုင်ဘဏ်ခွဲကို (၁၈-၁၂-၂၀၂၃) နေ့တွင်လည်းကောင်း၊ တာမွေဘဏ်ခွဲကို (၁၉-၂-၂၀၂၄) နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ဘဏ်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ မြောက်ဒဂုံဘဏ်ခွဲကို (၃-၆-၂၀၂၄) နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### ဘဏ်ခွဲအချို့အား ယာယီပိတ်ထားခြင်း

ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက် ရယူ၍ နယ်မြေဒေသလုံခြုံရေးအခြေအနေများအရ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ခြင်းမရှိသည့် (၁) ကမ္ဘာဘဏ်ခွဲအား (၄-၅-၂၀၂၃) နေ့တွင်လည်းကောင်း၊ (၂) မြိုင်ဘဏ်ခွဲအား (၁၅-၉-၂၀၂၃) နေ့တွင်လည်းကောင်း၊ (၃) လှိုင်ကော်ဘဏ်ခွဲနှင့် (၄) မြဝတီဘဏ်ခွဲအား (၂၀-၁၁-၂၀၂၃) နေ့တွင်လည်းကောင်း၊ (၅) ဘုတလင်ဘဏ်ခွဲ အား (၂၈-၁၁-

၂၀၂၃) နေ့တွင်လည်းကောင်း၊ (၆) တီးတိန်ဘဏ်ခွဲအား (၂၇-၅-၂၀၂၄) နေ့တွင်လည်းကောင်း အသီးသီး ယာယီပိတ်ထားခဲ့ရပါသည်။ ပိတ်ထားသောဘဏ်ခွဲများရှိ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို iCBS စနစ်ဖြင့် နီးစပ်ရာဘဏ်ခွဲများတွင် ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

## FPB Branches




- **နေပြည်တော်**
  နေပြည်တော်ဘဏ်ခွဲ
- **ကချင်ပြည်နယ်**
  မြစ်ကြီးနားဘဏ်ခွဲ
- **ကယားပြည်နယ်**
  လွိုင်ကော်ဘဏ်ခွဲ
- **ကရင်ပြည်နယ်**
  ဘားအံဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ
- **ချင်းပြည်နယ်**
  တီးတိန်ဘဏ်ခွဲ
- **စစ်ကိုင်းတိုင်းဒေသကြီး**
  မုံရွာဘဏ်ခွဲ (၃)၊ မုံရွာဘဏ်ခွဲ (၂၅)၊ ဘုတလင်ဘဏ်ခွဲ၊ ကလေးဘဏ်ခွဲ၊ ရွှေဘိုဘဏ်ခွဲ
- **တနင်္သာရီတိုင်းဒေသကြီး**
  ကော့သောင်းဘဏ်ခွဲ၊ ထားဝယ်ဘဏ်ခွဲ၊ မြိတ်ဘဏ်ခွဲ
- **ပဲခူးတိုင်းဒေသကြီး**
  ပြည်ဘဏ်ခွဲ
- **မကွေးတိုင်းဒေသကြီး**
  ကမ္မဘဏ်ခွဲ၊ ဂန့်ဂေါဘဏ်ခွဲ၊ ပခုက္ကူဘဏ်ခွဲ၊ မကွေးဘဏ်ခွဲ၊ မင်းလှဘဏ်ခွဲ၊ မြိုင်ဘဏ်ခွဲ၊
- **မန္တလေးတိုင်းဒေသကြီး**
  မန္တလေးဘဏ်ခွဲ (၂)၊ မန္တလေးဘဏ်ခွဲ (၂၂)၊ ကျောက်ပန်းတောင်းဘဏ်ခွဲ
- **မွန်ပြည်နယ်**
  မော်လမြိုင်ဘဏ်ခွဲ
- **ရန်ကုန်တိုင်းဒေသကြီး**
  သိမ်ကြီးဈေးဘဏ်ခွဲ၊ ဘုရင့်နောင်ဘဏ်ခွဲ၊ ရုံးချုပ်ဘဏ်ခွဲ၊ သီရိရတနာဘဏ်ခွဲ၊ လသာဘဏ်ခွဲ၊ အလုံဘဏ်ခွဲ၊ စမ်းချောင်းဘဏ်ခွဲ၊ လှိုင်ဘဏ်ခွဲ၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ တာမွေဘဏ်ခွဲ၊ မြောက်ဒဂုံဘဏ်ခွဲ
- **ရှမ်းပြည်နယ်**
  တောင်ကြီးဘဏ်ခွဲ၊ အောင်ပန်းဘဏ်ခွဲ
- **ဧရာဝတီတိုင်းဒေသကြီး**
  ပုသိမ်ဘဏ်ခွဲ၊ ဟင်္သာတဘဏ်ခွဲ၊ မအူပင်ဘဏ်ခွဲ

*(၃၁-၈-၂၀၂၄) နေ့အထိ ဘဏ်ခွဲပေါင်း (၄၁) ဘဏ် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။*

## ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများ

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင် ခွင့်ပြုမတည်ငွေရင်း (Authorized Capital) ကျပ် သန်း ၁,၀၀၀ သတ်မှတ်ခဲ့ပြီး အစုရှယ်ယာတစ်စုလျှင် မူလရောင်းဈေး ကျပ် ၁၀,၀၀၀ ဖြင့် ရောင်းချခဲ့ပါသည်။ ဘဏ်အမြတ်ငွေများ နှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်း၊ နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးနိုင်ခဲ့၍လည်းကောင်း၊ အစုရှယ်ယာဈေးနှုန်းများကို အဆင့်ဆင့် အမြတ်တင်၍ရောင်းချခဲ့ပါသည်။ အစုရှယ်ယာများကို အမြတ်တင်ရောင်းချရသည့်ငွေများကို ပရီမီယံစာရင်း (Premium A/C) တွင် ထည့်သွင်းထားရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျပ် ၁၁,၈၄၅.၈၈ သန်းရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ရှိ ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း (Paid up Capital) မှာ ကျပ် ၂၉,၆၆၄.၆၁ သန်း ဖြစ်ပါသည်။

ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး (Book Value per Share) မှာ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့တွင် အစုရှယ်ယာတစ်စု (မူလရောင်းဈေးကျပ် ၁,၀၀၀) လျှင် ကျပ် ၂,၄၀၂.၆၁ ရှိပြီး (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် အစုရှယ်ယာတစ်စု (မူလရောင်းဈေး ကျပ် ၁,၀၀၀) လျှင် ကျပ် ၂,၄၇၃.၂၆ ရှိပါသည်။

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

ဘဏ်မှထုတ်ဝေရောင်းချထားသည့် အစုရှယ်ယာအရေအတွက်မှာ ၂၉,၆၆၄,၆၁၃ စု၊ ငွေပမာဏ ကျပ် ၂၉,၆၆၄.၆၁ သန်း ဖြစ်ပြီး (၃၁.၃.၂၀၂၄) နေ့တွင် အစုရှယ်ယာရှင်ဦးရေမှာ (၈,၂၈၉) ဦး ရှိပါသည်။ Special Account တွင် အစုရှင်ဦးရေ (၆,၁၆၉) ဦး (၇၄.၄၂%)၊ အစုရှယ်ယာအရေအတွက် (၁၅,၀၀၀,၀၄၈) စု (၅၀.၅၇%) နှင့် ရန်ကုန်စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ရန် Securities Account ဖွင့်လှစ်ထားသည့် အစုရှယ်ယာရှင်ဦးရေမှာ (၂,၁၂၀) ဦး (၂၅.၅၈%)၊ အစုရှယ်ယာအရေအတွက် (၁၄,၆၆၄,၅၆၅) စု (၄၉.၄၃%) ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းမှ ပေးပို့ရရှိသော (၃၁-၃-၂၀၂၄) နေ့ရှိ အစုရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစားကို ဇယား (၂) တွင် ဖော်ပြထားပါသည်။

ဇယား-၂

(၃၁-၃-၂၀၂၄) နေ့ရှိ အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစား

| | ရှယ်ယာအုပ်စု | Special Account | Securities Account | Total Account |
|---|---|---|---|---|
| ၁။ | ၁-၁၀ | ၀ | ၇၃ | ၇၃ |
| ၂။ | ၁၁-၁၀၀ | ၃,၁၈၅ | ၅၄၆ | ၃,၇၃၁ |
| ၃။ | ၁၀၁-၅၀၀ | ၁,၇၇၆ | ၆၂၁ | ၂,၃၉၇ |
| ၄။ | ၅၀၁-၁၀၀၀ | ၃၅၆ | ၂၁၈ | ၅၇၄ |
| ၅။ | ၁၀၀၁-၅၀၀၀ | ၅၄၂ | ၃၇၇ | ၉၁၉ |
| ၆။ | ၅၀၀၁-၁၀၀၀၀ | ၉၆ | ၉၈ | ၁၉၄ |
| ၇။ | ၁၀၀၀၁-၃၀၀၀၀ | ၁၃၆ | ၁၀၉ | ၂၄၅ |
| ၈။ | ၃၀၀၀၀-၁၀၀၀၀၀ | ၄၉ | ၄၅ | ၉၄ |
| ၉။ | ၁၀၀၀၀၁-၃၀၀၀၀၀ | ၂၃ | ၂၃ | ၄၆ |
| ၁၀။ | ၃၀၀၀၀၁ နှင့်အထက် | ၆ | ၁၀ | ၁၆ |
| | စုစုပေါင်း | ၆,၁၆၉ | ၂,၁၂၀ | ၈,၂၈၉ |
| | | ၇၄.၄၂% | ၂၅.၅၈% | ၁၀၀% |

(၃၁-၃-၂၀၂၄) နေ့ရှိ ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူ (၁၀) ဦး၏ အမည်စာရင်းကို အောက်ပါ ဇယား (၃) တွင် ဖော်ပြထားပါသည်။ အစုရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူ (၁၀) ဦး၏ အစုရှယ်ယာပိုင်ဆိုင်မှုမှာ (၈,၀၂၄,၅၂၈) စု ဖြစ်ပြီး ရောင်းချထားသည့် အစုရှယ်ယာစုစုပေါင်း၏ (၂၇.၀၅%) ဖြစ်ပါသည်။

ဇယား-၃

(၃၁-၃-၂၀၂၄) နေ့ရှိ အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူ (၁၀) ဦး

| | အမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဦးအောင်မိုးကျော် | ၁,၉၅၂,၉၆၀ | ၆.၅၈ % |
| ၂။ | ဒေါ်မာမာထွန်း | ၁,၀၇၅,၃၈၀ | ၃.၆၃ % |
| ၃။ | ဒေါ်ရွှေစင် | ၁,၀၁၈,၈၄၈ | ၃.၄၃ % |
| ၄။ | ဦးမောင်မောင်သိန်း | ၇၇၆,၀၅၂ | ၂.၆၂ % |
| ၅။ | ဦးနေလင်းဦး | ၇၅၇,၉၂၀ | ၂.၅၅ % |
| ၆။ | ဦးထွန်းဝင်းနိုင် | ၅၉၉,၇၁၂ | ၂.၀၂ % |
| ၇။ | ဒေါက်တာအောင်မင်း | ၄၉၂,၁၀၈ | ၁.၆၆ % |
| ၈။ | ဦးလီဂျိဋ္ဌန်း | ၄၇၇,၄၅၆ | ၁.၆၁ % |
| ၉။ | ဦးအောင်လွင် | ၄၄၄,၉၀၄ | ၁.၅၀ % |
| ၁၀။ | ဦးအောင်ကျော်ဇော | ၄၂၉,၁၈၈ | ၁.၄၅ % |
| | **စုစုပေါင်း** | **၈,၀၂၄,၅၂၈** | **၂၇.၀၅ %** |

## ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် တင်သွင်းခဲ့ခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၉-၁၁-၂၀၁၅) နေ့တွင် ကျင်းပသည့် (၂၄) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ အစုရှင်များ၏သဘောတူအတည်ပြုချက်ဖြင့် (၂၀-၁-၂၀၁၇) နေ့မှစပြီး ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် စတော့ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်တွင် နေ့စဉ်ရောင်းလိုအား၊ ဝယ်လိုအားအပေါ်မူတည်၍ အစုရှယ်ယာဈေးနှုန်းများမှာ နေ့စဉ်အပြောင်းအလဲရှိပါသည်။ ရန်ကုန်စတော့အိပ်ချိန်းရှိ ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာတစ်စုလျှင် (၃၁-၇-၂၀၂၄) နေ့တွင် ကျပ် ၁,၇၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာများ စတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့် (၂၀-၁-၂၀၁၇) နေ့မှ (၃၁-၇-၂၀၂၄) နေ့အထိ အရောင်းအဝယ်ဖြစ်သည့်ပမာဏ (Trade Volume) မှာ အစုရှယ်ယာ ၇,၃၁၀၉,၃၉၀ စုရှိပြီး ငွေပမာဏ ကျပ် ၁၄,၆၈၂.၅၃ သန်းဖြစ်ပါသည်။

## အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ

အစုရှင်များ၏ရပိုင်ခွင့်များမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့တွင် **ကျပ်** ၇၁,၂၇၂.၆၂ သန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် ကျပ် ၇၃,၃၆၈.၂၈ သန်းရှိ၍ ကျပ် ၂,၀၉၅.၆၆ သန်းတိုးခဲ့ပါသည်။ အစုရှင်များ၏ရပိုင်ခွင့်များကို ဇယား (၄) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား-၄

## အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ

*(ကျပ်သန်း)*

| | | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|
| ၁။ | ထည့်ဝင်ပြီးမတည်ငွေရင်း | ၂၉,၆၆၄.၆၁ | ၂၉,၆၆၄.၆၁ |
| ၂။ | ရှယ်ယာပရီမီယံ | ၁၁,၈၄၅.၈၈ | ၁၁,၈၄၅.၈၈ |
| ၃။ | အထွေထွေသီးသန့်ရန်ပုံငွေ | ၁၈,၅၂၅.၉၇ | ၁၉,၀၄၃.၃၅ |
| ၄။ | အရေးပေါ်သီးသန့်ရန်ပုံငွေ | ၁၁၂.၈၂ | ၁၁၄.၇၀ |
| ၅။ | ကြွေးဆုံးရန်ပုံငွေ | ၂,၈၁၂.၅၇ | - |
| ၆။ | မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၄,၈၂၃.၃၉ | ၉,၂၂၁.၃၆ |
| ၇။ | နိုင်ငံခြားငွေတန်ဖိုးပြန်လည်သင့်ခြင်း | ၃,၄၇၈.၃၈ | ၃,၄၇၈.၃၈ |
| | **အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်စုစုပေါင်း** | **၇၁,၂၇၂.၆၂** | **၇၃,၃၆၈.၂၈** |
| | **အစုတစ်စုတန်ဖိုး (မူလရောင်းဈေး ၁ ,၀၀၀ ကျပ် )** | **၂,၄၀၂.၆၁ ကျပ်** | **၂,၄၇၃.၂၆ ကျပ်** |

## မခွဲဝေရသေးသည့်အမြတ်လက်ကျန်

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် (၃၁-၃-၂၀၂၄) နေ့တွင် မခွဲဝေရသေးသည့်အမြတ်လက်ကျန် (Retained Earning) မှာ ကျပ် ၉,၂၂၁.၃၆ သန်း ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ် (၅/၂၀၁၇) တွင် အမြတ်ဝေစုခွဲဝေခြင်းအတွက် ရလမ်းမရှိသောနှင့် ရရန်မသေချာသောချေးငွေ (Non-Performing Loans) နှင့် စုစုပေါင်းချေးငွေ (Total loan) အချိုးသည် ၅% အောက်ရှိရမည်ဖြစ်ပြီး ချေးငွေကြွေးကျန်အချိုး (NPL Ratio) ၅% ထက် ကျော်လွန်ပါက အမြတ်ဝေစုခွဲဝေခြင်းမပြုရန် ညွှန်ကြားထားပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် (၃၁-၃-၂၀၂၄) နေ့တွင် ချေးငွေကြွေးကျန်အချိုး (NPL Ratio) မှာ ၂၁.၄၂% ရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ အမြတ်ဝေစုခွဲပေးနိုင်ခြင်းမရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် - နှစ်ချုပ်ဘဏ်လုပ်ငန်းအခြေအနေ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်ကို ဇယား (၅) နှင့် ပုံ (၁) တွင် အကျဉ်းချုပ်၍ဖော်ပြထားပါသည်။

ဇယား-၅

## ဘဏ်လုပ်ငန်းအခြေအနေများနှိုင်းယှဉ်ချက်

*(ကျပ်သန်း )*

| | အကြောင်းအရာ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|
| ၁။ | အပ်ငွေများ | ၁၂၇,၁၉၆.၅၉ | ၁၄၉,၉၀၆.၄၇ |
| ၂။ | ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | ၉၆,၁၀၆.၉၃ | ၁၁၉,၀၈၇.၇၁ |
| ၃။ | အခွန်မနုတ်မီအမြတ် | ၄,၀၉၅.၃၅ | ၂,၄၇၃.၈၃ |
| ၄။ | ဝင်ငွေခွန် | ၆၁၇.၈၈ | ၄၀၄.၃၂ |
| ၅။ | မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၄,၈၂၃.၃၉ | ၉,၂၂၁.၃၆ |

ပုံ-၁




## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် - အရှုံးအမြတ်အခြေအနေ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ရငွေစုစုပေါင်းမှာ ကျပ် ၁၆,၇၀၈.၂၀ သန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်တွင် ကျပ် ၁၆,၉၄၆.၆၀ သန်းရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အသုံးစရိတ်စုစုပေါင်းမှာ ကျပ် ၁၂,၆၁၂.၈၅ သန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄,၄၇၂.၇၇ သန်း ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အခွန်မနှုတ်မီအမြတ်မှာ ကျပ် ၄,၀၉၅.၃၅ သန်းရရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အခွန်မနှုတ်မီအမြတ်မှာ ကျပ် ၂,၄၇၃.၈၃ သန်းရရှိခဲ့ပါသည်။ အရှုံး/အမြတ်နှိုင်းယှဉ်ချက်ကို ဇယား (၆) တွင်ဖော်ပြထားပါသည်။

ဇယား-၆

**အရှုံးအမြတ်အခြေအနေနှိုင်းယှဉ်ချက်**

*(ကျပ်သန်း)*

| အကြောင်းအရာ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|
| **ရငွေ** | | |
| အတိုးရငွေ | ၁၂,၇၈၅.၇၆ | ၁၃,၇၂၈.၆၆ |
| အခြားရငွေ | ၃,၉၂၂.၄၄ | ၃,၂၁၇.၉၄ |
| ရငွေစုစုပေါင်း | ၁၆,၇၀၈.၂၀ | **၁၆,၉၄၆.၆၀** |
| **အသုံးစရိတ်** | | |
| အတိုးစရိတ် | ၆,၂၁၆.၂၈ | ၇,၅၁၇.၁၆ |
| လုပ်ငန်းကုန်ကျစရိတ် | ၆,၃၉၆.၅၇ | ၆,၉၅၅.၆၁ |
| အသုံးစရိတ်စုစုပေါင်း | ၁၂,၆၁၂.၈၅ | ၁၄,၄၇၂.၇၇ |
| **အခွန်မနှုတ်မီအမြတ်** | **၄,၀၉၅.၃၅** | **၂,၄၇၃.၈၃** |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် - အမြတ်များကို ခွဲဝေလျာထားခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် ရရှိခဲ့သည့် အခွန်မနှုတ်မီအမြတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ခွဲဝေလျာထားခဲ့ပါသည်။

ဇယား-၇

### ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမြတ်များကို ခွဲဝေလျာထားခြင်း

*(ကျပ်သန်း )*

| | |
|---|---|
| ၁။ အခွန်မဆောင်မီအမြတ် | ၂,၄၇၃.၈၃ |
| ၂။ ပေးဆောင်ရသည့်ဝင်ငွေခွန် (17% Provision for Taxation) | |
| (ကျပ်သန်း ၂ ,၂၄၂.၀၃ x ၁၇%) | ၃၈၁.၁၄ |
| ၃။ ပေးဆောင်ရသည့် အခြေပစ္စည်းမှ မြတ်စွန်းငွေခွန် (10% Provision for Taxation) | |
| (ကျပ်သန်း ၂၃၁ .၈၀ x ၁၀%) | ၂၃.၁၈ |
| ၄။ အထွေထွေသီးသန့်ရန်ပုံငွေ (25% Statutory Reserve) | |
| (ကျပ်သန်း ၃ ,၄၇၇.၄၈ x ၂၅%) | ၅၁၇.၃၈ |
| ၅။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် (Retained Profit) | |
| (ကျပ်သန်း ၂ ,၄၇၃.၈၃ - ၉၂၁.၇၀) | ၁,၅၅၂.၁၃ |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအချိုးများ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့ရှိ ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်ကို ဇယား (၈) တွင် ဖော်ပြထားပါသည်။

ဇယား-၈

### ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်

| | | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
|---|---|---|---|
| ၁။ | ငွေကြေးလွယ်ကူမှုအချိုး | ၆၄.၂၅% | ၅၆.၂၂% |
| ၂။ | မတည်ငွေရင်းလုံလောက်မှုအချိုး (Tier - 1) | ၅၀.၀၃% | ၄၃.၁၀% |
| ၃။ | မတည်ငွေရင်းလုံလောက်မှုအချိုး (Tier - 2) | ၅၁.၂၈% | ၄၆.၀၁% |
| ၄။ | ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁.၄၁း၁ | ၁.၃၆း၁ |
| ၅။ | အစုရှင်များထည့်ဝင်ငွေအပေါ်ပြန်ရချက် | | |
| | ဝင်ငွေခွန်မနှုတ်မီ | ၅.၇၅% | ၃.၃၇% |
| | ဝင်ငွေအခွန်နှုတ်ပြီး | ၄.၈၈% | ၂.၈၂% |
| ၆။ | အစုရှင်များ၏ခံစားခွင့်အချိုး | ၂.၄၀း၁ | ၂.၄၇း၁ |
| ၇။ | စုစုပေါင်းရပိုင်ခွင့်အပေါ်အမြတ်ပြန်ရနှုန်း | ၁.၆၆% | ၀.၈၇% |
| ၈။ | ဈေးနှုန်းနှင့်ဝင်ငွေအချိုး (PE Ratio) | ၁၃.၀၀% | ၂၁.၅% |
| ၉။ | အစုတစ်စုအပေါ်ပြန်ရချက် (EPS) | | |
| | ကနဦးတန်ဖိုးကျပ် ၁၀၀၀ တန်အစုတစ်စုလျှင် (ကျပ်) | ၁၁၇.၂၃ | ၇၀.၀၀ |
| ၁၀။ | အစုတစ်စုတန်ဖိုး (မူလရောင်းဈေး ၁ ,၀၀၀ ကျပ်) | ၂,၄၀၂.၆၁ | ၂၄၇၃.၂၆ |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့တွင် စုစုပေါင်းအပ်ငွေပမာဏမှာ ၁၂၇,၁၉၆.၅၉ သန်းဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် ကျပ် ၁၄၉,၉၀၆.၄၇ သန်းရှိ၍ ၁၇.၈၅% တိုးတက်ခဲ့ပါသည်။ ဘဏ်အပ်ငွေများအခြေအနေကို စာရင်းအမျိုးအစားအလိုက် ဇယား (၉) နှင့် ပုံ (၂) တို့တွင် ဖော်ပြထားပါသည်။

ဇယား -၉

### စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများ

*(ကျပ်သန်း)*

| | အကြောင်းအရာ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | တိုးတက်မှု |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ (Current Deposit) | ၁၇,၆၄၁.၆၄ | ၃၀,၆၇၄.၂၉ | ၇၃.၈၇ % |
| ၂။ | ငွေစုဘဏ်အပ်ငွေ (Saving Deposit) | ၈၁,၁၅၅.၉၅ | ၆၉,၇၂၄.၈၀ | -၁၄.၀၉ % |
| ၃။ | စာရင်းသေအပ်ငွေ (Fixed Deposit) | ၁၄,၄၈၇.၇၈ | ၂၉,၇၄၄.၈၁ | ၁၀၅.၃၁ % |
| ၄။ | ခေါ်ယူအပ်ငွေ (Call Deposit) | ၁၃,၈၈၅.၂၅ | ၁၉,၇၃၆.၆၇ | ၄၂.၁၄ % |
| ၅။ | Mobile Money | ၂၅.၉၇ | ၂၅.၉၀ | -၀.၂၇ % |
| | စုစုပေါင်း | ၁၂၇,၁၉၆.၅၉ | ၁၄၉,၉၀၆.၄၇ | ၁၇.၈၅ % |

ပုံ-၂




## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ချေးငွေလုပ်ငန်းအခြေအနေ

၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ ကျပ် ၉၆,၁၀၆.၉၃ သန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် ကျပ် ၁၁၉,၀၈၇.၇၁ သန်းရှိ၍ ၂၃.၉၁% တိုးတက်ခဲ့ပါသည်။ ချေးငွေထုတ်ချေးထားသည့် အာမခံအမျိုးအစားအလိုက် ချေးငွေပမာဏနှင့် လူဦးရေကို ဇယား (၁၀) တွင်ဖော်ပြပါသည်။

ဇယား-၁၀

## ချေးငွေအမျိုးအစားအလိုက်ထုတ်ချေးငွေများ

| အာမခံအမျိုးအစား | ၂၀၂၂-၂၀၂၃ ဦးရေ | ၂၀၂၂-၂၀၂၃ ပမာဏ (ကျပ်သန်း) | ၂၀၂၃-၂၀၂၄ ဦးရေ | ၂၀၂၃-၂၀၂၄ ပမာဏ(ကျပ်သန်း) | တိုးတက်မှု |
|---|---|---|---|---|---|
| ၁။ မြေနှင့်အဆောက်အဦ | ၇၇၇ | ၈၉,၅၅၂.၇၁ | ၇၁၅ | ၁၀၆,၃၀၄.၅၄ | ၁၈.၇၁ % |
| ၂။ စာရင်းသေအပ်ငွေ | ၈ | ၁၆.၅၀ | ၈ | ၁၉.၀၀ | ၁၅.၁၅ % |
| ၃။ Project ချေးငွေ | ၄ | ၂၇၀.၅၀ | ၂ | ၁၉၃.၅၀ | -၂၈.၄၇ % |
| ၄။ SME ချေးငွေ | ၅၂ | ၆,၀၇၃.၅၀ | ၆၃ | ၁၂,၂၁၁.၉၅ | ၁၀၁.၀၇ % |
| ၅။ ရွှေနှင့်ကျောက်မျက်ရတနာ | ၁ | ၃၀.၀၀ | ၁ | ၁၆.၄၀ | -၄၅.၃၃ % |
| ၆။ Auto Loan/Home Loan ချေး | - | - | ၃ | ၁၆၂.၄၆ | - |
| ၇။ Hire Purchase ချေးငွေ | - | - | ၃ | ၁၀.၇၁ | - |
| ၈။ ဝန်ထမ်းချေးငွေ | ၃၈၂ | ၁၆၃.၇၂ | ၃၉၀ | ၁၆၉.၁၅ | ၃.၃၂ % |
| **စုစုပေါင်း** | **၁,၂၂၄** | **၉၆,၁၀၆.၉၃** | **၁,၁၈၅** | **၁၁၉,၀၈၇.၇၁** | **၂၃.၉၁ %** |

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးကဏ္ဍအလိုက် ချေးငွေများကို ပုံ (၃) နှင့် ဇယား (၁၁) တို့တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ပုံ-၃




ဇယား-၁၁

## စီးပွားရေးကဏ္ဍအလိုက်ထုတ်ချေးငွေများ

(ကျပ်သန်း)

| စီးပွားရေးကဏ္ဍ | ၂၀၂၂-၂၀၂၃ | % | ၂၀၂၃-၂၀၂၄ | % |
|---|---|---|---|---|
| ၁။ စိုက်ပျိုးရေး/မွေးမြူရေး | ၁,၀၅၁.၀၀ | ၁.၀၉ % | ၁,၁၂၁.၀၀ | ၀.၉၄ % |
| ၂။ ဆောက်လုပ်ရေး | ၄,၇၈၈.၅၂ | ၄.၉၈ % | ၆,၁၆၈.၁၆ | ၅.၁၈ % |
| ၃။ ကုန်ထုတ်လုပ်မှု | ၁၄,၄၂၈.၂၃ | ၁၅.၀၁ % | ၁၇,၈၂၀.၁၄ | ၁၄.၉၆ % |
| ၄။ ဝန်ဆောင်မှု | ၁၆,၅၀၉.၈၀ | ၁၇.၁၈ % | ၂၀,၆၈၈.၅၆ | ၁၇.၃၇ % |

| | | | | | |
|---|---|---|---|---|---|
| ၅။ | ကုန်သွယ်မှု | ၄၅,၂၇၀.၃၀ | ၄၇.၁၀ % | ၅၃,၀၉၂.၇၇ | ၄၄.၅၈ % |
| ၆။ | သယ်ယူပို့ဆောင်ရေး | ၇,၈၂၁.၈၆ | ၈.၁၄ % | ၇,၆၄၂.၈၁ | ၆.၄၂ % |
| ၇။ | SME ချေးငွေ | ၆,၀၇၃.၅၀ | ၆.၃၂ % | ၁၂,၂၁၁.၉၅ | ၁၀.၂၅ % |
| ၈။ | Auto Loan/Home Loan | | | ၁၇၃.၁၇ | ၀.၁၅ % |
| ၉။ | ဝန်ထမ်းချေးငွေ | ၁၆၃.၇၂ | ၀.၁၇ % | ၁၆၉.၁၅ | ၀.၁၄ % |
| | **စုစုပေါင်း** | **၉၆,၁၀၆.၉၃** | **၁၀၀. %** | **၁၁၉,၀၈၇.၇၁** | **၁၀၀ %** |

## ဘဏ်နှင့်ဆက်နွယ်သူများချေးငွေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၇-၂၀၂၄) နေ့တွင် ဘဏ်နှင့်ဆက်နွယ်သူ (Related person) များသို့ ထုတ်ချေးထားသည့်ချေးငွေမှာ လူဦးရေ (၁၂) ဦး၊ ချေးငွေပမာဏ ကျပ် ၅,၂၀၄.၀၄ သန်းရှိပြီး စုစုပေါင်း ချေးငွေပမာဏ၏ ၄.၀၂% ဖြစ်ပါသည်။

## ချေးငွေကြွေးကျန်များနှင့် ကြွေးဆုံးရန်ပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အရ နှစ်စဉ် စုစုပေါင်းချေးငွေပမာဏ၏ ၂% ကို ချေးငွေ ကြွေးဆုံးရန်ပုံငွေအဖြစ် လျာထားရမည်ဖြစ်ရာ (၃၁-၃-၂၀၂၄) နေ့အထိ **ကျပ် ၂,၃၆၈.၆၈ သန်း** လျာထားခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇) အရ ဆုံးရှုံးနိုင်ခြေ အလွန်မြင့်မားသည့်ဒေသများရှိ ငွေချေးသူ (၁၄) ဦး၏ ချေးငွေများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့အထိ ကျပ် ၆၂၂.၉၃ သန်းကို သီးသန့်လျာထားပြီး စရိတ်အဖြစ်ကျခံခဲ့သည့်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့ရှိ ကြွေးဆုံးရန်ပုံငွေ လျာထားငွေစုစုပေါင်းမှာ **ကျပ် ၂,၉၉၁.၆၁ သန်း** ရှိပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် အရင်း၊ အတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေ/စာရင်းပိုထုတ်ချေးငွေ (Non-Performing Loans - NPL) များကို ဇယား (၁၂) တွင် ဖော်ပြထားပါသည်။

**ဇယား -၁၂**

(၃၁-၃-၂၀၂၄) နေ့ရှိ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့်ချေးငွေစာရင်း

| | လူဦးရေ | ကြွေးကျန်အမျိုးအစား | ချေးငွေပမာဏ *(ကျပ်သန်း)* | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ၂၂ ဦး | ရရန်မသေချာသောချေးငွေ (Doubtful) | ၁,၆၇၁.၄၇ | ၁.၄၀ |
| ၂။ | ၁၅၃ ဦး | ရလမ်းမရှိသောချေးငွေ (Loss) | ၂၃,၈၄၀.၄၄ | ၂၀.၀၂ |
| | **စုစုပေါင်း ၁၇၅ ဦး** | | ၂၅,၅၁၁.၉၁ | ၂၁.၄၂ |

ဇယား (၁၂) ပါ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေစာရင်းအရ ရရန်မသေချာသော ချေးငွေ (Doubtful) ဖြစ်ပေါ်နေသူ (၂၂) ဦးအနက် (၅) ဦးမှာ စီမံခန့်ခွဲရေးအဖွဲ့ Loan Collection Task Force Team မှ လူကိုယ်တိုင်သော်လည်းကောင်း၊ Online ဖြင့်သော်လည်းကောင်း တွေ့ဆုံဆွေးနွေး ညှိနှိုင်းတောင်းခံထားပြီး အချို့မှာ အတိုးများပေးသွင်းလျက်ရှိပါသည်။ ကျန် (၁၇) ဦးမှာမူ နယ်မြေဒေသအခြေအနေ ကောင်းမွန်ခြင်းမရှိသည့် မင်းတပ်၊ ဂန့်ဂေါ၊ ကမ္မနှင့် မြိုင်မြို့များမှ ချေးငွေများဖြစ်ကြပါသည်။

ရလမ်းမရှိသောချေးငွေ (Loss) မှာ (၁၅၃) ဦးရှိပြီး ၎င်းတို့အနက် (၂၉) ဦးကို သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုထားပြီးဖြစ်ပါသည်။ (၂၂) ဦးမှာ စီမံခန့်ခွဲရေးအဖွဲ့ Loan Collection Task Force Team မှ

လူကိုယ်တိုင်သော်လည်းကောင်း၊ Online ဖြင့်သော်လည်းကောင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းတောင်းခံထားပြီး အတိုးများ ပြန်လည်ပေးသွင်းလျက်ရှိပါသည်။ ကျန် (၁၀၂) ဦးမှာ နယ်မြေဒေသအခြေအနေ ကောင်းမွန်ခြင်းမရှိသည့် မင်းတပ်၊ ဂန့်ဂေါ၊ ကမ္မနှင့် မြိုင်မြို့များမှ ချေးငွေများဖြစ်ကြပါသည်။ အဆိုပါ နယ်မြေဒေသအခြေအနေ ကောင်းမွန်ခြင်းမရှိသည့်ဒေသများမှ ချေးငွေများအား ဒေသအခြေအနေ ပြန်လည်ကောင်းမွန်လာချိန်တွင် တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## နိုင်ငံတကာဘဏ်လုပ်ငန်း

ပထမပုဂ္ဂလိကဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေများဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) ရရှိခဲ့ပြီး နိုင်ငံခြားငွေလဲလှယ်ရောင်းချရေးကောင်တာများကို ရန်ကုန်ရုံးချုပ်နှင့် ဘဏ်ခွဲ (၂၂) ခုတွင် ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့်လိုင်စင် (Authorized Dealer License) ကို ခွင့်ပြုချက်ရရှိပြီး နိုင်ငံတကာဘဏ်လုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက် ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်နှင့် အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ ချိတ်ဆက်၍ ပြည်ပနိုင်ငံများမှမြန်မာနိုင်ငံသို့ တိုက်ရိုက်ငွေလွှဲလုပ်ငန်း (Inbound Remittance Service) နှင့် မြန်မာနိုင်ငံမှ ပြည်ပသို့ နိုင်ငံတကာငွေလွှဲလုပ်ငန်း (Outbound Remittance Service) ကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၄) နေ့တွင် နိုင်ငံတကာဘဏ်လုပ်ငန်းမှရရှိသည့် ဝင်ငွေများမှာ Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်းမှ **ကျပ် ၁၇.၄၈ သန်း** နှင့် နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းမှ **ကျပ် ၂,၂၂၂.၂၅ သန်း**၊ နိုင်ငံတကာဘဏ်ဝန်ဆောင်မှုလုပ်ငန်းမှ **ကျပ် ၇.၃၁ သန်း**၊ စုစုပေါင်းဝင်ငွေ **ကျပ် ၂,၂၄၇.၀၄ သန်း** ရရှိပါသည်။

## Digital Banking လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ

### Integrated Core Banking System (iCBS)

ဒါရိုက်တာအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် Myanmar Information Technology (MIT) Company ၏ iCBS Core Banking စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ Project kickoff ကို (၃၀-၁၁-၂၀၂၁) နေ့တွင် စတင်ခဲ့ပါသည်။ ဝန်ထမ်းများအားလုံးအား iCBS Core Banking စနစ်သစ်ကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်အတွက် ဝန်ထမ်းစုစုပေါင်း (၄၃၅) ဦးကို သင်တန်းများပို့ချပေးခဲ့ပြီး နေ့စဉ်ဘဏ်လုပ်ငန်းများကို iCBS စနစ်ဖြင့် ပြောင်းလဲအစားထိုးဆောင်ရွက်သွားရန် အဆင့် ၃ ဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ (၂.၅.၂၀၂၃) နေ့တွင် ဘဏ်ခွဲများအားလုံးအား အောင်မြင်စွာ Go Live ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပထမပုဂ္ဂလိကဘဏ်၏ ဘဏ်ခွဲများအားလုံးတွင် iCBS စနစ်ကို အောင်မြင်စွာ အသုံးပြုလျက်ရှိပါသည်။

### Mobile Banking/Internet Banking

iCBS Core Banking စနစ်နှင့် ဆက်စပ်ဝန်ဆောင်မှုပေးသည့် Mobile Banking/Internet Banking ဝန်ဆောင်မှုကို ACE Data Systems Limited ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး သဘော

တူစာချုပ်ချုပ်ဆိုခဲ့ပြီး နည်းပညာဆိုင်ရာဦးဆောင်ကော်မတီ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရာ ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ စတင်ဆောင်ရွက်ရန် အသင့်ရှိနေပြီဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိရရှိသည်နှင့် အများပြည်သူစတင်သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## Risk Management နှင့် AML/CFT ဆိုင်ရာ ဆောင်ရွက်ချက်များ

ပထမပုဂ္ဂလိကဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏လမ်းညွှန်ချက်နှင့်အညီ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ အတည်ပြုခြင်းနှင့် ဘဏ်၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အလားအလာများကို စောင့်ကြည့်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားရှိသည့်အပြင် စီမံခန့်ခွဲမှုအဆင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီကို (၄-၁၂-၂၀၂၃) ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၉၆/၂၀၂၃-၂၀၂၄) ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်အနေဖြင့် ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်း (Identify)၊ တိုင်းတာစစ်ဆေးခြင်း (Measure)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitor) နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Control) တို့အတွက် Risk Management Framework တစ်ရပ်ကို ရေးဆွဲပြုစုထားပြီးဖြစ်ပြီး ဒါရိုက်တာအဖွဲ့မှ အတည်ပြုထားပြီးဖြစ်သည့်အပြင် ဆုံးရှုံးနိုင်ခြေအမျိုးအစားတစ်ခုခြင်းစီအလိုက် ဆုံးရှုံးနိုင်ခြေအဆင့်ကို သတ်မှတ်ဖော်ထုတ်၍ စီမံခန့်ခွဲသွားနိုင်မည့် Risk Register များကိုလည်း ပြုစုထားရှိပြီးဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း Management Team အား Risk Management Awareness သင်တန်းကို ကျင်းပပေးနိုင်ခဲ့ပါသည်။

